# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၉-၂-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းအစည်းအဝေး။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဥ်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ချည်မျှင်နှင့် အထည်စက်ရုံ(ပလိပ်)သို့ ကွင်းဆင်းစစ်ဆေးနေပါသဖြင့်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းအစည်းအဝေး။ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပညာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နှင့် ဦးကျော်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၄)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ်(၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေအဖြစ် သိမ်းဆည်းရာတွင် လဲချားမြို့နှင့် ကျေးရွာအုပ်စု(၅)အုပ်စု ဆက်သွယ်သည့် ကျောက်ချောလမ်း၏ လမ်းနယ်မြေများ ပါဝင်ခဲ့သောကြောင့် ကျေးလက်နေပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် က ရှမ်းပြည်နယ် တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ်(၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေ အဖြစ် သိမ်းဆည်းရာတွင် လဲချားမြို့နှင့် ကျေးရွာအုပ်စု(၅)အုပ်စု ဆက်သွယ်သည့် ကျောက်ချော လမ်း၏လမ်းနယ်မြေများ ပါဝင်ခဲ့သောကြောင့် ကျေးလက်နေပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ် (၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေအဖြစ် သိမ်းဆည်းရာတွင် လဲချားမြို့မှ (၁) ဝမ်ပန်းကျေးရွာ အုပ်စု၊ (၂) ဝမ်ဖိုင်ကျေးရွာအုပ်စု၊ (၃) ပန်တန်ကျေးရွာအုပ်စု၊ (၄) ဝမ်ယိမ်းကျေးရွာအုပ်စုနှင့် (၅) ဖာလံ ကျေးရွာအုပ်စု (၅)အုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများသည် တပ်ရင်းပိုင်မြေ အဖြစ် သိမ်းဆည်းထားခြင်း မပြုမီကတည်းကပင် ဘိုးစဉ်ဘောင်ဆက်သွားလာနေသော ကျောက်ချော လမ်းနယ်မြေများအချို့ ပါဝင်သွားပါသည်။ ယခုတွင် အဆိုပါတပ်ရင်းပိုင်မြေများအား ခြံစည်းရိုးကာရံ ပိတ်ဆို့မည်ဟု သိရသဖြင့် ကျေးလက်နေပြည်သူများမှာ လဲချားမြို့ပေါ်နှင့် ဆက်သွယ်သွားလာရန် တစ်ခုတည်းသော ပင်မလမ်း ပျောက်ကွယ်သွားမည် ဖြစ်ပါသဖြင့် အဆိုပါလမ်းနယ်မြေများအား ကျေးလက်နေပြည်သူများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကျေးလက်နေပြည်သူများကိုယ်စား တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ကျေးရွာအုပ်စု(၅)အုပ်စုမှ ကျေးလက်နေပြည်သူများသည် အဆိုပါလမ်းအား တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခြင်း မပြုမီကတည်းကပင် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဘာသာရေးကိစ္စများအတွက် ရဟန်းရှင်လူ ပြည်သူအများ ယနေ့တိုင် အစဉ် အဆက် အသုံးပြုနေသော လဲချားမြို့ပေါ်နှင့် ဆက်သွယ်သွားလာရာတွင် အတိုဆုံး၊ အဆင်ပြေဆုံး တစ်ခုတည်းသောလမ်း ဖြစ်ပါသည်။ လဲချားမြို့ပေါ်ရှိ ဌာနဆိုင်ရာများကလည်း ကျေးလက်နှင့် မြို့နေပြည်သူများ လူနေမှုအဆင့်အတန်း ကွာဟမှုမရှိစေရန်အတွက် ကျေးလက်နေပြည်သူများထံ ကွင်းဆင်းထိတွေ့ရာတွင်လည်း အစဉ်အဆက်အသုံးပြုနေသောလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းအား

လဲချားမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ လွန်ခဲ့သော ၂၀၀၁ ခုနှစ်မှစပြီး ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်း (၄၀၀)ခန့် အကုန်အကျခံ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့သော ကျောက်ချောလမ်းဖြစ်ပါသည်။ သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ကုန်ကျခဲ့သော ဘတ်ဂျက်ငွေစာရင်းများအား သက်ဆိုင်ရာဌာနများတွင် တောင်းယူပြီး မေးခွန်းနှင့်အတူ ပူးတွဲတင်ပြထားပြီး ဖြစ်ပါသည်။ ယခုနှစ်တွင် အဆိုပါလမ်းအား ဆက်လက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်အတွက် အချို့လမ်းအပိုင်းမှာ တပ်ပိုင်မြေအတွင်း ပါဝင်နေသဖြင့် အခက်အခဲရှိနေကြောင်း အဆိုပါဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အဆိုပါလမ်းများအနက် တပ်ပိုင်နယ်မြေအတွင်း တည်ရှိသော တပ်ပိုင်မြေများအား ခြံစည်းရိုးပိတ်ဆို့ကာရံလိုက်ပါက ဝမ်ယိမ်းကျေးရွာအုပ်စု၊ ပန်တန်ကျေးရွာအုပ်စု၊ ဖာလံကျေးရွာအုပ်စုမှ ကျေးလက်နေ ပြည်သူများသည် ပင်လုံ-လဲချား ကားလမ်းဘက်သို့ မိုင်(၃၀)ခန့် တစ်ဆစ်ချိုး ကွေ့ဝိုက်သွားရမည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ အရေးပေါ်ကျန်းမာရေး ကိစ္စများအတွက် မလိုလားအပ်သော အချိန်ကြန့်ကြာမှုများ၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါလမ်းအား အခြားနေရာများသို့ ရှောင်လွှဲဖောက်လုပ်ရန်အတွက်လည်း တောတောင်နှင့် မြေပြင်အနေအထားအရ အခက်အခဲများဖြစ်ပေါ်နေပါသည်။ နိုင်ငံတော်မှ ဘတ်ဂျက်ရန်ပုံငွေများလည်း မြောက်မြားစွာ ထပ်မံကုန်ကျနိုင်သည့်အပြင် ကုန်ကျခဲ့ပြီးသော ဘတ်ဂျက်ရန်ပုံငွေများသည်လည်း အလဟဿ ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ်(၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေအဖြစ် သိမ်းဆည်းရာတွင် ပါဝင်သွားသော လဲချားမြို့ပေါ်နှင့် ကျေးရွာအုပ်စု(၅)အုပ်စုချင်းဆက် ကျောက်ချောလမ်းနှင့် လမ်းနယ်မြေများအား ကာကွယ်ရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းထွန်းအောင် ၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ အမှတ်(၅၁၅) ခြေမြန်တပ်ရင်း တပ်ပိုင်နယ်မြေအဖြစ် သိမ်းဆည်းရာတွင် ပါဝင်သွားသော လဲချားမြို့နယ်နှင့် ကျေးရွာအုပ်စု(၅)အုပ်စုချင်းဆက်

ကျောက်ချောလမ်းနှင့် လမ်းနယ်မြေများအား ကျေးလက်နေပြည်သူများသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အမှတ်(၅၁၅)ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ(၈၃၃.၇၅)ဧကသည် မြေလွတ်၊ မြေလပ်အမျိုးအစားဖြစ်ပြီး တပ်ပိုင်မြေအဖြစ် အသုံးပြုရန် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁၂/၁၃/အခ(၄) ဖြင့် မြေပေးမိန့်များ ရရှိခဲ့ပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင်ပါရှိသော လမ်းနယ်မြေသည် အမှတ်(၅၁၅) ခြေမြန်တပ်ရင်း၏ တပ်ပိုင်မြေ (၈၃၃.၇၅)ဧကအတွင်း ပါဝင်ပြီး လဲချားမှ ဟိုနား၊ ဝမ်ဖိုင်ကျေးရွာအုပ်စုသို့သွားသောမြေသားလမ်းသည် အကျယ်(၁၀)ပေ၊ အရှည်(၆၅၁၈)ပေ၊ မြေဧရိယာ(၁.၅)ဧကအပါ လမ်းမြေဧရိယာ (၁၄၀)ဧကနှင့် လဲချားမှ ဝမ်ယိမ်းကျေးရွာအုပ်စုသို့သွားသော ကျောက်ချောလမ်းသည် အကျယ်(၁၄)ပေ၊ အရှည်(၄၉၈၀)ပေ၊ မြေဧရိယာ(၁.၆)ဧကအပါ လမ်းမြေဧရိယာ(၄၄)ဧက၊ စုစုပေါင်း(၁၈၄)ဧက ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ လမ်းနယ်မြေများအား ကျေးလက်နေဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး ပုံမှန်ဆက်သွယ်သွားလာလျက်ရှိပြီး ယခင်အစဉ်အဆက်မှ ယနေ့အချိန်အထိ ဖြတ်သန်းသွားလာခွင့် ပြုပေးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ အဆိုပါလမ်းအား ပိတ်ဆို့ပြီး တပ်ရင်းပိုင်မြေအဖြစ် ခြံစည်းရိုးကာရံရန် အစီအစဉ်လည်းမရှိကြောင်း ဖြေကြားလိုပါတယ်။ မဖြစ်မနေ ပိတ်ဆို့ခြံစည်းရိုးကာရံရင်တောင်မှ သွားလာခွင့်ပေးသွားမှာပဲ ဖြစ်ပါတယ်။ သို့သော် လုံခြုံရေးအစီအစဉ် အရစစ်ဆေးမှုများတော့ ရှိနေမှာဖြစ်ပါတယ်။ ထို့အပြင် လဲချားမြို့နယ် ကျေးလက်ဦးစီးဌာနမှ ဆက်လက်ထိန်းသိမ်းပြုပြင်လျက်ရှိသော တပ်ပိုင်နယ်မြေအတွင်းမှ လမ်းပိုင်းအတွက်လည်း အခက်အခဲမရှိ ဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင်ပါရှိသော လမ်းနယ်မြေများသည် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိပြီးဖြစ်ခြင်း၊ ကျေးလက်နေပြည်သူများအား ယခင်အစဉ်အဆက်မှ ယနေ့အချိန်အထိ ဖြတ်သန်းသွားလာခွင့်ပြုထားခြင်းနှင့်တပ်ရင်းဌာနချုပ်၏ လုံခြုံရေးအခြေအနေများအရ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန်ကြေး ပေးဆောင်ပြီး ချလန်ပြေစာပါရှိမှသာ ယာဉ်သက်တမ်း တိုးခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန် ကြေးပေးဆောင်ပြီး ချလန်ပြေစာပါရှိမှသာ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ပဲ ဖြစ်ပါတယ်။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်ပေါင်း(၃၃၀)မှာ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပါတယ်။ ၎င်းအဖွဲ့များဟာ အမှိုက်သိမ်းခြင်း၊ ရေပေးဝေခြင်း၊ မြို့တွင်း လမ်းများခင်းခြင်း၊ ရေမြောင်းများ ဖောက်လုပ်ခြင်း စတဲ့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ကြပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အနေဖြင့် သီးခြားဘတ်ဂျက် ချထားပေးခြင်း မရှိဘဲနဲ့ မိမိအဖွဲ့ရဲ့ ကောက်ခံရရှိတဲ့ ဝင်ငွေအပေါ်သာ ရပ်တည်ရတဲ့ အဖွဲ့အစည်းများ ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များမှ ပစ္စည်းခွန်၊ ဘီးခွန်၊ အခြားဝန်ဆောင်ခအမျိုးမျိုးနဲ့ လိုင်စင် ကြေးများကို ကောက်ခံရရှိပါတယ်။ ဒီအခွန်တွေထဲမှာ ဘီးခွန်ကောက်ခံတဲ့ နေရာမှာတော့ ကျွန်တော် တို့ လေလံစနစ်ဖြင့် မြို့အဝင်တွေမှာ ဘီးခွန်ကောက်ခံရေးစခန်းများကို ဖွင့်လှစ်ပြီးတော့ ကောက်ခံကြ ပါတယ်။ ကျွန်တော်၏မဲဆန္ဒနယ် ပခုက္ကူနဲ့ ဆိပ်ဖြူမြို့တွေမှာ ဘီးခွန်ကောက်ခံရေးစခန်းများဟာ မောင်းတံများ အသုံးပြု၍ ကြမ်းတမ်းစွာ ကောက်ခံခြင်း၊ လူအုပ်စုဖြင့် ရမ်းကားစွာ ကောက်ခံခြင်းများ ကြောင့် ပြည်သူတွေနဲ့ နေ့စဉ်ပဋိပက္ခတွေ ဖြစ်ကြရပါတယ်။ ဒီ ဘီးခွန်ကောက်စခန်းများကြောင့် ကျွန်တော်တို့ ပြည်သူများစွာဟာ စိတ်အနှောင့်အယှက် ဖြစ်ကြရပါတယ်။ ဒါကြောင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့များအနေဖြင့် မြို့အဝင် ဘီးခွန်ကောက်စခန်းတွေကို ဖျက်သိမ်းပြီးတော့ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ပေါင်းစပ်ကာ မော်တော်ယာဉ် သက်တမ်းတိုးတဲ့ နေရာမှာ သက်ဆိုင်ရာ မြို့နယ်အလိုက် ဘီးခွန်ပေးဆောင်ပြီးကြောင်း ပြေစာပါမှ သက်တမ်းတိုး ဆောင်ရွက်ပေး မည်ဆိုလျှင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဘီးခွန်မှ သတ်မှတ်လျာထားသည့် ဝင်ငွေများ ရရှိပြီးတော့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေမှာလည်း ဘီးခွန်ကောက်စခန်းများ မရှိတော့တဲ့အတွက် များစွာစိတ်ချမ်းသာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ပြီးတော့ မြို့အဝင် ဘီးခွန်ကောက်စခန်းများကို ဖျက်သိမ်းပြီးတော့ သက်ဆိုင်ရာမြို့နယ်အလိုက် ဘီးခွန်ပေးဆောင်ပြီး ပြေစာပါရှိမှ မော်တော်ယာဉ် သက်တမ်းတိုးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် စီးဆင်းနေသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနောင်နဂျာတန် က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် စီးဆင်းနေသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာရှိပါစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) တနိုင်းမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် အတွင်းရှိ တရုံကျေးရွာတွင် စီးဆင်းသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရခြင်း၏ အခြေခံအကြောင်းအရင်းမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း (၇၀)ဝန်းကျင်မှ ရွာတည်လာခဲ့ပြီး ယခုအချိန်တွင် အိမ်ခြေပေါင်း (၃၀၀)ကျော်ရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ တရုံချောင်းကို အမှီပြုပြီး တည်ထားသောရွာ ဖြစ်သည့်အလျောက် တရုံချောင်း ရေတိုက်စားမှုကိုလည်း နှစ်စဉ်ခံစားနေရသော ရွာဖြစ်ပါသည်။ ၎င်းတရုံချောင်းသည် ရွာမြေလူနေရပ်ကွက်များဘက်သို့ နှစ်စဉ် ကမ်းပါးမြေများကို (၁၀)ပေမှ (၁၅)ပေအထိ တိုက်စားနေပါသည်။ ထိုတိုက်စားမှုကြောင့် ချောင်းကမ်းပါးနေ လူနေအိမ်များမှာ ကမ်းပါးပြိုကျမှုအန္တရာယ်မှ လွတ်ရာရွာမြေပိုင် မြေလွတ်များသို့ အခါအားလျော်စွာ ပြောင်းရွှေ့ခဲ့ကြရပါတယ်။ ယခုအခါတွင် စိုက်ပျိုးမြေ၊ လယ်ယာမြေ၊ ယာမြေများ စသည်ဖြင့်အသီးသီး ကိုယ်ပိုင်များရှိလာခြင်း၊ ရွာပိုင် မြေလွတ်မြေကွက်များ နည်းပါးလာခြင်းကြောင့်လည်းကောင်း၊ ရေတိုက်စားခြင်းအန္တရာယ်မှ ကင်းလွတ်မြေဧရိယာ မြေလွတ်များ မရှိတော့ခြင်းကြောင့်လည်းကောင်း၊ ချောင်းကမ်းပါးနေပြည်သူများမှာ ထပ်မံရွှေ့ပြောင်းဖို့ မြေနေရာ ခက်ခဲလာပါသည်။

ထို့ကြောင့် ကမ်းပါးပြိုကျမှု၊ တရုံချောင်း ရေတိုက်စားမှုမှ ကာကွယ်တားဆီးရန်မှာ တရုံချောင်းတစ်လျှောက် မြေထိန်းနံရံ တည်ဆောက်ပေးရန် အထူးလိုအပ်ပါသည်။ ထိုကဲ့သို့ မြေထိန်းနံရံ တည်ဆောက်ပေးပါက ရွာအတွင်းရှိ တရုံချောင်းကမ်းပါးနေပြည်သူများ မြေနေရာရွှေ့ပြောင်းမှုနဲ့ နေရာအခက်အခဲများဒုက္ခမှ လွတ်ကင်းမှာဖြစ်သည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ တရုံရွာတစ်လျှောက်ရှိ ရေတိုက်စားခံရသော ကမ်းပါး အရှည်ပေ(၇၀၀)၊ အမြင့်(၁၀)ပေရှိ မြေထိန်းနံရံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး မင်္ဂလာရှိကြပါစေ။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ မြို့မဈေး ဧရိယာတိုးချဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် မြို့မဈေးအနီး မြစ်ကမ်းပါးအား လှိုင်းကာကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ မြို့မဈေးဧရိယာ တိုးချဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် မြို့မဈေးအနီး မြစ်ကမ်းပါးအား လှိုင်းကာ ကျောက်စီနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ပဲ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။

ယခု ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ပေါက်တောမြို့နယ်၊ မြို့မဈေးကြီးဟာ ကုလားကျွမြစ်ကမ်းပါးတွင်တည်ရှိပြီး မြို့မဈေးကြီးပတ်ဝန်းကျင်တွင် လူနေအိမ်များဖြင့် စည်ကားလျက်ရှိပါတယ်။ မြို့မဈေးကြီးကို တိုးချဲ့ရန်မှာလည်း ရေတိုက်စားမှုကြောင့် နှစ်ပေါင်း(၂၀)ကျော်အတွင်း ပေ(၂၀၀)ခန့်လောက် ကမ်းပါးပြိုကျရာတွင် ပါဝင်သွားခဲ့ပြီး ဖြစ်ပါတယ်။ ပေါက်တောမြို့မဈေးဧရိယာ တိုးချဲ့ရန်မှာ လှိုင်းကာကျောက်စီနံရံတည်ဆောက်ပြီး မြေသားဖို့လိုက်ပါက လက်ရှိဧရိယာထက် မြို့မဈေး၏ ဧရိယာ သုံးပုံတစ်ပုံခန့် ကျယ်ဝန်းလာမှာဖြစ်ပါတယ်။ သဘာဝရာသီဥတုဖြစ်သည့် လေမုန်တိုင်းများ တိုက်ခတ်ပါသော်လည်း စိတ်ချလုံခြုံမှုရရှိမှာ ဖြစ်ပါတယ်။ မြို့မဈေး၏ သာယာလှပမှုကိုလည်းရရှိမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှ လှိုင်းကာ ကျောက်စီနံရံတည်ဆောက်ပေးရန် လုပ်ငန်းကို ကျွန်တော်ကိုယ်တိုင် ရခိုင်ပြည်နယ်လွှတ်တော်မှာရှိနေတဲ့အချိန်က တင်ပြခဲ့ပြီးတော့ အဲဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က လုပ်ငန်းအဖြစ်လည်း လျာထားပြီးသားဖြစ်တာကိုလည်း ကျွန်တော် တွေ့ခဲ့ရပါတယ်။ သို့သော်လည်း ပေါက်တောမြို့၊ မြို့လယ်တံတားတစ်စင်း

တည်ဆောက်ရာမှာ ၎င်းလျာထားထားသော ဘဏ္ဍာငွေများကို လုပ်ငန်းလွှဲပြောင်း သုံးစွဲခဲ့ကြောင်းကိုလည်း ကျွန်တော်ကိုယ်တိုင် တွေ့ရှိခဲ့ရပါတယ်။ သို့သော်လည်း ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၁၀-၇-၂၀၁၅ ရက်နေ့ ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ကုန်ကျမည့် တွက်ချက်မှုများကိုလည်း တင်ပြရန်ညွှန်ကြားထားသည်ကိုလည်း တွေ့ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ပေါက်တောမြို့၊ မြို့မဈေး သာယာလှပပြီး သဘာဝအန္တရာယ်များကိုလည်း ကာကွယ်သွားမည့်အပြင် တိုးချဲ့ဈေးဆိုင်ခန်းများ ဆောက်လုပ်ပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင်လည်း ရန်ပုံငွေများ တိုးတက်လာပြီး ဈေးသူ၊ ဈေးသားများမှာလည်း လွှန်စွာဝမ်းမြောက်ဖွယ်ရာဖြစ်ပါလိမ့်မယ်။ ထို့ကြောင့် ပေါက်တောမြို့၊ မြို့မဈေးဧရိယာ တိုးချဲ့ခြင်းနှင့် သဘာဝအန္တရာယ်ကာကွယ်ရန် လှိုင်းကာကျောက်စီနံရံ တည်ဆောက်ပေးခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အစီအစဉ်ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် ပေါက်တောမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့၏ လှိုင်းကာကျောက်စီနံရံ တွက်ချက်ထားတဲ့ Estimate ကိုလည်း ကျွန်တော်မေးခွန်းမေးတဲ့အချိန်မှာ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အသုံးပြုခြင်းမရှိတော့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည် သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က အသုံးပြုခြင်းမရှိတော့သည့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ဝန်ထမ်းများ အားလုံး ကာယစိတ္တ သုခနှစ်ဖြာနဲ့ ပြည့်စုံပါစေကြောင်း ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ အသုံးပြုခြင်းမရှိတော့တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ကြေးနန်းတိုင်နဲ့ ကြေးနန်းကြိုးများကို ပြန်လည် သိုမှီးသိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းနဲ့အပြိုင် ဆက်သွယ်ထားတဲ့ မီးရထားလမ်း အနောက်ဘက်ခြမ်းမှာရှိတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ကြေးနန်းတိုင်နဲ့ ကြေးနန်းကြိုးများဟာ မိုင်ပေါင်း(၃၀၀)ကျော် ရှည်လျားဆက်သွယ်ထားပြီးတော့မှ လေ့လာတွေ့ရှိချက်အရ ဆက်သွယ် အသုံးမပြုတော့ကြောင်းကိုလည်း သိရှိရပါတယ်။ အဲဒီလို အသုံးမပြုပါသော်လည်း ကြေးနန်းတိုင်များမှာရှိတဲ့ ကြိုးများဟာ စစ်ကိုင်းတိုင်းအတွင်းမှာ

အများအားဖြင့် ကြိုးတွေ လုံးဝမရှိတော့ဘဲ တိုင်များ ငုတ်တုတ်ကျန်ရှိနေသည်ကို ကျွန်တော်တို့ မီးရထားနဲ့ ခရီးသွားတဲ့ မိဘပြည်သူများ အမြဲတမ်း တွေ့နေရပါတယ်။ အချို့နေရာများမှာဆိုလို့ရှိရင် ကြေးနန်းတိုင်များနဲ့ ကြိုးများဟာ ချုံနွယ်တွေ ပိတ်ပေါင်းပြီးတော့မှ အချို့နေရာများမှာဆိုရင် ပင်ကိုယ်ရှိရင်းစွဲ ကြိုးအရေအတွက်ထက် လျော့နည်းနေတာကို တွေ့ရပါတယ်။

အကယ်၍ အဲဒီကြေးနန်းတိုင်နဲ့ ကြိုးများကို အချိန်မီ သိမ်းဆည်းခြင်း မရှိလို့ရှိရင် တစ်နေ့တခြား လုံးပါးပါး၍ ပျောက်ဆုံးသွားနိုင်တဲ့အနေအထား ဖြစ်နိုင်ပါတယ်။ ဘာကြောင့်မို့ ကျွန်တော် ဒီဟာကို တင်ပြရလဲဆိုတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)ကျော်လောက်က ကျွန်တော်တို့ မိုးညှင်းမြို့နယ်၊ နမ္မားမြို့မှာ ကျွန်တော်တို့ သစ်တောဝန်ထောက်တွေနေတဲ့ ရွာအခေါ် ဘိုတဲလို့ ခေါ်တဲ့ သုံးခန်းပတ်လည် အထပ်မြင့်အဆောက်အဦကြီး (၃)ခုရှိခဲ့ပါတယ်။ အဲဒီ အဆောက်အဦကြီးဟာဆိုလို့ရှိရင် တဖြည်းဖြည်း မိုးယိုပျက်စီးပြီးမှ နောက်ဆုံးကျတော့ ထင်းဖြစ်တဲ့ဘဝကို ရောက်သွားပါတယ်။ အဲဒါကြောင့်မို့ အဲလို ပျက်စီးမှာစိုးလို့ ကျွန်တော်က ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေဖြင့် အဲဒီလိုဖြစ်နေတဲ့ဟာကို မည်သို့မည်ပုံ လုပ်ဆောင်ဖို့ရာရှိပါကြောင်း အထက်ပါမေးခွန်းအား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ (၈၉.၆၉) ဧကအကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိအငှားချထားသည့် (၁၉) ဧက ပမာဏချန်လှပ်၍ ကျန်မြေတွင် ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသော စည်းကြပ်ခွန်ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ (၈၉.၆၉)ဧကအကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိအငှားချထားသည့် (၁၉)ဧကပမာဏ ချန်လှပ်၍ ကျန်မြေတွင် ယခင် စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသော စည်းကြပ်ခွန် ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာရှိကြပါစေခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြ မေးခွန်းကတော့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ (၈၉.၆၉)ဧကအကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိအငှားချထားသည့် (၁၉)ဧကပမာဏ ချန်လှပ်၍ ကျန်မြေတွင် ယခင် စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသောစည်းကြပ်ခွန်ကောက်ခံသည့်ပုံစံဖြင့် နှစ်အလိုက် လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့် ပေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မှိန်ဂနိမ်းရွာဟာ အသုံးမပြုတဲ့ရထားပိုင်တဲ့မြေ ဖြစ်ပါတယ်ခင်ဗျား။ ဒါက ယခင် မြေပြထားတာကတော့ လက်ရှိမှိန်ဂနိမ်းဘူတာရုံရဲ့ အနေအထားပါခင်ဗျား။ ဒါက ရထားလမ်းရဲ့ နှစ်ဖက်နှစ်ချက်မှာရှိတဲ့ ရထားပိုင်မြေတွေ၊ မြေလွတ်နေရာတွေ ပြထားတာပါခင်ဗျား။ ဒါက ယခင် တောင်သူများ စိုက်ပျိုးခဲ့တဲ့ ရာဘာတွေ၊ ငုတ်တွေကို ခုတ်ထားတဲ့ ရာဘာငုတ်တွေ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ယခင် တောင်သူတွေ စိုက်ခဲ့တဲ့ ဒီစိုက်ခင်းအတွက် အသုံးပြုဖို့ ရေတွင်းတွေ တူးတဲ့နေရာ ဖြစ်ပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့ ၁၉၆၀-၁၉၆၁ နဲ့ နောက်ဆုံး ၁၉၆၇-၁၉၆၈ ကနေ ၁၉၉၂-၁၉၉၃ ခုနှစ် ပြဋ္ဌာန်းထားတဲ့ မြေခွန်ပြေစာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မှိန်ဂနိမ်းကျေးရွာဟာ မော်လမြိုင်နဲ့ မုဒုံအကြားမှာ ရှိပြီးတော့ ရန်ကုန်-မော်လမြိုင်-ထားဝယ်သွား ရထားလမ်းဘေးမှာရှိတဲ့ ရွာငယ်လေးတစ်ရွာသာဖြစ်ပြီးတော့ မူလကတည်းက စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ရွာလေး ဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင် ရှေးကာလများစွာကတည်းက ရွာသားတွေဟာ ယခု မှိန်ဂနိမ်းဘူတာပတ်ဝန်းကျင်မှာရှိတဲ့ ချုံနွယ်ထူထပ်တဲ့ မြေရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရာသီသီးနှံများ စိုက်ပျိုးရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာခဲ့တာ ဂျပန်ခေတ်မှာ မီးရထားစက်ခေါင်းပြင်ရုံ တည်ဆောက်မယ်ဆိုသည့်အတွက် အခုလက်ရှိမြေနေရာထဲကနေ (၈၉.၆၉)ဧက အကျယ်အဝန်းကို တိုင်းတာသတ်မှတ်ခဲ့ပါတယ်။ အဲဒီလို ရထားပြင်စက်ရုံဆောက်မယ်ဆိုပြီးတော့ သတ်မှတ်ခဲ့ပေမယ့်လည်း ဘာစက်ရုံတစ်ခုမှ မတည်ဆောက်နိုင်ခဲ့ဘဲနဲ့ ရှိခဲ့ရာမှာ စိုက်ပျိုးရေးသမားတွေဟာလည်း လက်ရှိလုပ်ကိုင်လာခဲ့ရာမှာ ၁၉၉၂-၁၉၉၃ ခုနှစ်အထိကို ဥယျာဉ်ခြံလုပ်ကိုင်သူများက မြေခွန်ပြေစာအသီးသီး ထမ်းဆောင်ပြီးတော့ လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပါတယ်။ ၁၉၉၃ ခုနှစ်လောက်မှာ မော်လမြိုင် မီးရထားဌာနကနေ ဦးကြည်မြင့်ပါ (၃)ဦးတို့ကို မီးရထားပိုင်နယ်မြေထဲက (၈၆.၆၉)ဧက ထဲကနေ (၅၇)ဧကကို နှစ်ရှည်စိုက်ပျိုးခွင့် ချပေးခဲ့ပါတယ်ခင်ဗျား။ ဦးကြည်မြင့် ပါ (၃)ဦးဟာ ၂၀၁၄ ခုနှစ်မှာ သူလုပ်ကိုင်ခွင့်ရတဲ့မြေ (၅၇)ဧကအနက်ကနေ (၁၉)ဧကကို ရထားဌာနကို ပြန်အပ်ပြီးတော့ ကျန်တဲ့မြေကို ဒီအတိုင်း ပစ်ထားခဲ့တာ ယနေ့အထိ ဘူတာကြီး လမ်းတစ်ဖက်ခြမ်းမှာ ရှိနေပါတယ်။

အဲဒီတော့ ဒီလိုအပ်နှံတဲ့မြေနဲ့ပတ်သက်ပြီးတော့ အဟောသိကံ ဖြစ်နေရပါတယ်ခင်ဗျား။ မှိန်ကနိမ်းဘူတာရုံဟာ ဒေသထွက်တဲ့ကုန်စည်တွေ တင်ပို့ခြင်းနဲ့ အမြန်ရထားရပ်နားခြင်း လုံးဝမရှိတဲ့ ဘူတာငယ်သာဖြစ်ပြီးတော့ စီမံကိန်းဆိုင်ရာအဆောက်အဦများလည်း ဆောက်ဖို့အနေအထား မရှိပါဘူး။ ဖြစ်ပေါ်လာဖို့ အခြေခံအကြောင်းအချက်များလည်း မရှိတဲ့အတွက်ကြောင့် ဒီလောက်ကျယ်ပြန့်တဲ့ မြေဧရိယာ ပမာဏထဲမှာ ရယူထားဖို့ လိုအပ်မယ်လို့မထင်ပါဘူးခင်ဗျား။ ပြီးတော့ နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ပြီးတော့ အလုပ်လက်မဲ့ဖြစ်နေရတဲ့ ရွာသူ၊ ရွာသားတွေအတွက် ငဲ့ညှာသနားသောအားဖြင့် ဒီမြေကို ကြီးလေးတဲ့အခွန်ကောက်ခံနှုန်းမဟုတ်ဘဲနဲ့ သက်သာတဲ့စည်းကြပ်ခွန် ကောက်ခံနှုန်းနဲ့ ပြန်လည်ချပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်ခင်ဗျား။ ရှေးဦးစွာ မကွေးတိုင်းဒေသကြီး၊ အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ၏ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန်သွင်းဆောင်ပြီး ချလန်ပြေစာ ပါရှိမှသာ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သူတစ်ပါးထိခိုက်မှု အာမခံကြေး ပေးဆောင်ပြီးကြောင်း ချလန်ပါမှ မော်တော်ယာဉ် သက်တမ်းတိုးပေးလျက်ရှိခြင်း ဟာဆိုရင် ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ အခန်း(၉)၊ ပုဒ်မ ၄၆ မှာ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှုအာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရဟု ပြဋ္ဌာန်းထားခြင်းကြောင့် ဖြစ်ပါတယ်။ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန်ပေးဆောင်ပြီးမှ မော်တော်ယာဉ် သက်တမ်းတိုးပေးရန်ကိစ္စရပ်မှာ မော်တော်ယာဉ်ဥပဒေမှာ ပြဋ္ဌာန်းထားခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါပေမယ့်လည်း အချို့သောဒေသတွေမှာ ဥပမာ နေပြည်တော်၊ ရန်ကုန်အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းခရိုင်ရုံးတွေမှာ မန္တလေး တိုင်းရုံး၊ ပြင်ဦးလွင်ခရိုင်ရုံး၊ ပဲခူးတိုင်းရုံး၊ ပြည်ခရိုင်ရုံး၊ တောင်ငူခရိုင်ရုံး၊ သာယာဝတီခရိုင်ရုံး၊ မကွေးတိုင်းရုံး၊ သရက်ခရိုင်ရုံး၊ ကယားပြည်နယ်ရုံးတို့မှာ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့အသီးသီးရဲ့ ညှိနှိုင်းချက်အရလည်းကောင်း၊ ၎င်းတို့ဌာနအစီအစဉ်ဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများသို့လာရောက်၍ ဘီးခွန်ကောက်ခံရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်၍ ကချင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာ တွင် စီးဆင်းနေသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း

သည့် ကြယ်ပွင့်ပြမေးခွန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် ဖြတ်သန်းစီးဆင်းနေသော တရုံချောင်းဟာဆိုရင် တောင်ကျချောင်းအမျိုးအစားဖြစ်ပြီး နှစ်စဉ် ကမ်းပါးမြေများကို မိုးရာသီ ရေများချိန်များတွင် ချောင်းရေတိုက်စားမှု ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကချင်ပြည်နယ် ဝန်ကြီးချုပ်ရဲ့ ၂၀၁၅ ခုနှစ်၊ ဧပြီလ တနိုင်းမြို့နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးတဲ့ ခရီးစဉ်မှာ လမ်းညွှန်မှာကြားချက်များအရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဆောင်တဲ့အဖွဲ့ဟာဆိုရင် ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှာ တနိုင်းမြို့နယ်တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ၆ ရက်၊ ၄ လပိုင်းမှာ ဒိုက်ဖားကျေးရွာ၊ ဒိုက်ဖားရေလမ်းကိုလည်းကောင်း၊ နောက် ၆-၄-၂၀၁၅ ရက်နေ့မှာ တနိုင်းမြို့နယ်၊ တရုံချောင်း တံတားရေလမ်းတို့ကိုလည်းကောင်း ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပြီးတော့ တရုံကျေးရွာ ကမ်းပြိုကာကွယ်ရေးအစီအမံများကို ရေးဆွဲ၍ ကချင်ပြည်နယ်အစိုးရကို တင်ပြခဲ့ပါတယ်။ တနိုင်းမြို့နယ်၊ တရုံကျေးရွာကမ်းပါးမြေထိန်းနံရံ တည်ဆောက် ခြင်းလုပ်ငန်းဟာဆိုရင် ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ မူလခွင့်ပြု ငွေလုံးငွေရင်း ရန်ပုံငွေမှာ ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေမှာ ပါဝင်ခြင်း မရှိခဲ့ပါဘူး။ ၂၀၁၆-၂၀၁၇ ကချင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်မယ့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း(၁၀)ခုအတွက် ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါ ခေါ်ယူပေးခဲ့ပါတယ်။ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၁၀)ခုအနက် လုပ်ငန်း(၂)ခုက တင်ဒါ အောင်မြင်ခဲ့ပြီးဖြစ်သော်လည်း နယ်မြေလုံခြုံရေး၊ တရုတ်နိုင်ငံမှ နယ်နိမိတ်တွင် မြေထိန်းနံရံ တည်ဆောက်ခြင်းအား ကန့်ကွက်ခြင်းစတဲ့ ဒေသအခြေအနေများအရ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ အဲဒီလို ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လုပ်ငန်း (၂)ခုအတွက် လျာထားငွေကို ထပ်မံဆောင်ရွက်ပေးရန် လိုတဲ့ လိုအပ်တဲ့လုပ်ငန်း(၉)ခုကို လုပ်ငန်းခေါင်းစဉ် လွှဲပြောင်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ခေါင်းစဉ် လွှဲပြောင်းဆောင်ရွက်ခဲ့တဲ့ လုပ်ငန်း (၉)ခုရဲ့ စုစုပေါင်းတန်ဖိုးကျပ် (၂၄၁၉.၄၆)သန်းမှာ တနိုင်းမြို့နယ်၊ တရုံကျေးရွာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအတွက် ရန်ပုံငွေ ကျပ်သန်း(၂၄၀) ပါဝင်ခဲ့ပါတယ်ခင်ဗျား။

တနိုင်းမြို့နယ်၊ တရုံချောင်းကျေးရွာ ကမ်းပြို ကာကွယ်ရေးအစီအမံများပြ ရေလမ်းပြမြေပုံ၊ ကျောက်စီမြေထိန်းနံရံ တည်ဆောက်မည့်နေရာများကို Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီဟာက ကျွန်တော်တို့ တရုံကျေးရွာနဲ့ တရုံချောင်းအနေအထားပြပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ ဆောင်ရွက်မယ့် ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်မယ့်နေရာကိုပြတဲ့ပုံ ဖြစ် ပါတယ်။ ဒီဟာက ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်မယ့်ပုံဖြစ်ပါတယ်။ ဒီဟာက တံခါးရဲ့ အောက်ဘက်မှာပါ။ ဒီဟာကတော့ ကျွန်တော်တို့ တံတားရဲ့အထက်ဘက်မှာ Steel Basket ရေကာ ဆောက်လုပ်မယ့်ပုံ ဖြစ်ပါတယ်။ အဲဒီရန်ပုံငွေနဲ့ ကျွန်တော်တို့ တံတားအောက်ဘက်မှာ ခုန ကမ်းပြိုတဲ့နေရာမှာ ကျောက်စီမြေထိန်းနံရံ အလျား(၁၀၀၀)ပေနဲ့ တံတားရဲ့အထက်ဘက်မှာ ကျောက်ကြီးဖြည့် Steel Basket ရေကာ

အလျား(၁၃၅)ပေအား ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ၏ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ မြို့မဈေးဇရိယာတိုးချဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရန် မြို့မဈေးအနီး မြစ်ကမ်းပါးကို လှိုင်းကာ ကျောက်စီနံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဖြေကြားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ဟာဆိုရင် ဘင်္ဂလားပင်လယ်အော်နဲ့ (၁၃)မိုင်ခန့်သာ ကွာဝေးသဖြင့် ပင်လယ်ဒီလှိုင်းနှင့် လေတိုက်ခတ်မှုအများဆုံး ခံရလေ့ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ပေါက်တောမြို့၊ မြို့မဈေးဇရိယာတိုးချဲ့လာတဲ့အတွက် ပင်လယ်ဒီလှိုင်းနဲ့ ရေနက်အိုးကပ်စီးဆင်း မှုကြောင့် အောက်ခြေတိုက်စား၍ ကမ်းပြိုခြင်းများဖြစ်ပေါ်လာကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြို့မဈေးကမ်းပြိုမှု ကာကွယ်ရန်မှာ ပင်လယ်ဒီလှိုင်းနဲ့ လေတိုက်ခတ်မှုဒဏ်ကိုခံနိုင်သော ကမ်းထိန်းနံရံဖြင့် ကာကွယ်ပေးရမှာဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ကွင်းဆင်းတွေ့ရှိချက်အရ ကမ်းပြိုခြင်းအား အဓိကကာကွယ်နိုင်ရန် Bore Pile အခြေပြုကျောက်စီကမ်းထိန်းနံရံ စုစုပေါင်းအလျား(၄၀၀)ပေခန့် တည်ဆောက်ကာကွယ်ပေးရန် လိုအပ်ပြီး စုစုပေါင်းခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း(၃၅၀)ဖြစ်ကြောင်း တွက်ချက်ရရှိပါတယ်။ Slide ဖြင့်တင်ပြခွင့်ပြုပါ ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ခုနပေါက်တောမြို့နဲ့ ဒီ ရေလမ်းပြပုံ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ Bore Pile အခြေပြုကျောက်စီကမ်းထိန်းနံရံ တည်ဆောက်ဖို့ အဆိုပြုထားတဲ့နေရာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဆိုပါလုပ်ငန်းဆောင်ရွက်ပေးရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေ မရရှိခဲ့သဖြင့် နောင်လာမယ့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိရေး ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း သိရှိရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင် မှ မေးမြန်းထားတဲ့ အသုံးပြုခြင်းမရှိတော့သည့် အများပြည်သူပိုင် မြန်မာ့ဆက်သွယ်ရေးဌာနရဲ့ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည်သိမ်းဆည်းသိုမှီးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မြန်မာ့မီးရထား၏ ဘူတာရုံများ၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ကြေးနန်းတိုင်များနှင့် ကြေးနန်းဝါယာကြိုးများကို အသုံးပြုပြီးတော့ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်ခဲ့ပေမယ့်လည်း အဲဒီနည်းစနစ်အရ နည်းပညာ ခေတ်မမီတော့ခြင်း၊ စက်အရန်ပစ္စည်းများ မရရှိနိုင်တော့ခြင်း၊ ပြုပြင်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ အရည်အသွေးကောင်းမွန်မှု မရှိခြင်းတို့ကြောင့် ယခုအခါ ဆက်လက်အသုံးပြုခြင်း မရှိတော့ဘဲ ခေတ်မီတိုးတက်လာတဲ့ နည်းပညာသစ်များအရ ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများ၊ ဝိုင်ယာလက်စက်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလျက်ရှိပါတယ် ခင်ဗျား။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မီးရထားလမ်းဘေးတစ်လျှောက် ဆက်သွယ်တည်ဆောက်ထားတဲ့ ကြေးနန်းတိုင်များအနက် အချို့နေရာဒေသများတွင် ဖိုက်ဘာကေဘယ်လ်များ၊ မြို့တွင်းကေဘယ်လ်လိုင်းများဖြင့် အစားထိုး သွယ်တန်းအသုံးပြုခဲ့သော်လည်း ကြေးနန်းတိုင်အများစုကို အသုံးပြုခြင်းမရှိတော့ပါ။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် ဒေသအသီးသီးအလိုက် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဘေးတစ်လျှောက် ဆက်သွယ်တည်ဆောက်ထားခဲ့တဲ့ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးတွေကို အသုံးပြုထားရှိမှုနှင့် အသုံးမပြုတော့သည့် အခြေအနေများကို အဖွဲ့များ ဖွဲ့စည်း၍ စနစ်တကျစာရင်းကောက်ယူပြီး ၎င်းတို့အနက်မှ အသုံးပြုခြင်းမရှိတော့တဲ့ ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ဖြုတ်သိမ်းပြီးတော့ သတ်မှတ်ထားတဲ့ ဆက်သွယ်ရေးစခန်းများမှာ ထားရှိသွားမှာ ဖြစ်ပါတယ်။ ကြေးနန်းတိုင်များအနေနဲ့ကတော့ မြန်မာ့မီးရထားရဲ့ ခရီးအကွာအဝေးမိုင် ဖော်ပြတဲ့ သင်္ကေတအမှတ်အသားအဖြစ် အသုံးပြုထားပါသဖြင့် ဖြုတ်သိမ်းပေးနိုင်ခြင်းမရှိသေးပါ။ ပုံမှန်အားဖြင့် တစ်မိုင်လျှင် ကြေးနန်းတိုင် (၂၄) တိုင်ရှိပြီး ကြေးနန်းတိုင်တစ်တိုင်နှင့် တစ်တိုင် အကွာအဝေးမှာ ပေ(၂၂၀)ဖြစ်ပါတယ်။

အဆိုပါ ဖြုတ်သိမ်းရရှိမည့် ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများအနက်မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများကို ပြန်လည်အသုံးပြုသွားမည်ဖြစ်ပြီး အသုံးပြု၍မရတော့တဲ့ ပစ္စည်းတွေကိုတော့ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်း ရှင်းလင်းဖျက်သိမ်းခြင်း၊ လေလံတင်၍ ထုခွဲရောင်းချခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဆက်လက်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေတင် ရဲ့ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ(၈၉.၆၉)ဧကအကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိ အငှားချထားသည့် (၁၉)ဧက ပမာဏ ချန်လှပ်၍ ကျန်မြေတွင် ယခင်စိုက်ပျိုး လုပ်ကိုင်ခဲ့တဲ့ ဥယျာဉ်ခြံသမားများအား သက်သာသော နှစ်အလိုက် စည်းကြပ်ခွန် ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာ့မီးရထား တိုင်းအမှတ်(၈)နယ်မြေ၊ မုဒုံမြို့နယ်၊ မိုန်ဂနိမ်းဘူတာအနီးရှိ မြေဧရိယာ (၈၉.၆၉)ဧကဟာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ ဂျပန်ခေတ်ကတည်းက မီးရထားစက်ခေါင်းရုံ ဆောက်လုပ်ရန်အတွက် မီးရထားမြေအဖြစ် သတ်မှတ်ခဲ့တဲ့ မြေနေရာ ဖြစ်ပါတယ်။ ၎င်းနေရာမှာ စက်ရုံ မဆောက်နိုင်မီကာလအတွင်း တိုင်းအမှတ်(၈)သက်သာချောင်ချိရေး အတွက် ဦးကြည်မြင့်၊ လက်ထောက်မန်နေဂျာ၊ မြန်မာ့မီးရထား(အငြိမ်းစား)ပါ (၃)ဦးတို့ကို ရာဘာပင်များ စိုက်ပျိုးရန်အတွက် ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆို၍ ငှားရမ်းခဲ့ ပါတယ်။ မြေဧရိယာ(၈၉.၆၉)ဧက ရှိသော်လည်း မီးရထားလမ်း၊ ဘူတာအဆောက်အဦ၊ ဝန်ထမ်း လိုင်းခန်း၊ ဆည်မြောင်းတာဘောင်များ၊ အင်းအိုင်၊ လှည်းလမ်းများ၊ ကားလမ်းကူးများ၊ လမ်း၊ ရေမြောင်း၊ ရေကန်များရှိသဖြင့် စိုက်ပျိုးမရသည့် ဧရိယာမှာ (၃၂)ဧကဖြစ်ပြီး စိုက်ပျိုးနိုင်သည့် ဧရိယာမှာ (၅၇.၆၉)ဧကသာ ဖြစ်ပါတယ်။

အဲဒီ ၁၉၉၅ ခုနှစ်မှာ ချုပ်ဆိုခဲ့သော စာချုပ်အရ ငှားရမ်းသက်တမ်းမှာ နှစ်(၄၀)ဖြစ်ပါတယ်။ စိုက်ပျိုးနိုင်တဲ့ (၅၇.၆၉)ဧကရှိ ရော်ဘာပင်များ ပင်သက်(၈)နှစ်ပြည့်သည့်အခါ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ပြီးသော မြေဧရိယာရဲ့ သုံးပုံတစ်ပုံဖြစ်တဲ့ (၁၉)ဧကရှိ ရော်ဘာပင်များနှင့် ၎င်းတို့မှ ထွက်ပေါ်လာမည့် အကျိုးအမြတ်များကို တိုင်းအမှတ်(၈)မော်လမြိုင် သက်သာချောင်ချိရေးအဖွဲ့သို့ လွှဲပြောင်းပေးရန် ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဦးကြည်မြင့်ပါ(၃)ဦးအနေနဲ့ ၂၀၁၅ ခုနှစ်မှာ အဲဒီ(၁၉)ဧက မြေနေရာကို လုပ်ကိုင်နိုင်ခြင်းမရှိတော့သဖြင့် မြန်မာ့မီးရထားကို ပြန်လည်အပ်နှံခဲ့ပြီးတော့ မြန်မာ့မီးရထားမှ အဲဒီ(၁၉)ဧကကို ဦးချစ်ညွန့်ပါ (၃)ဦးကို (၁၀)နှစ် စာချုပ် ချုပ်ဆို၍ ငှားရမ်းခဲ့ပါတယ်။ ကျွန်တော် Power Point လေးဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီမှာဆိုရင် ကျွန်တော်တို့က အမှန်အတိုင်း မိုန်ဂနိမ်းဘူတာ မီးရထားဧရိယာကို မူလက (၈၉.၆၉)ဧကအဖြစ် သတ်မှတ်ခဲ့ပေမယ့်လည်း မြေစာရင်းပုံစံ(၁၀၅/၁၀၆) အရ တိုင်းတာရရှိတဲ့ မီးရထားမြေဧရိယာ(၈၅.၄၆)ဧက ဖြစ်ပါတယ်။ အဲဒီထဲမှာ ၁၉၉၅ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့ နှစ်(၄၀)စာချုပ်အရ ဦးကြည်မြင့်ပါ(၃)ဦးသို့ ငှားရမ်းတဲ့မြေနေရာက (၃၈.၀၆)ဧက ဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့(၁၀)နှစ်စာချုပ်အရ ဦးချစ်ညွန့်ပါ(၃)ဦးသို့ ငှားရမ်းထားသည့် မြေဧရိယာမှာ (၁၉)ဧက ဖြစ်ပါတယ်။ အဲဒီတော့ စုစုပေါင်းစာချုပ်နဲ့ ငှားရမ်းထားတဲ့ မြေဧရိယာက စုစုပေါင်း (၅၇.၀၆)ဖြစ်ပါတယ်။ ဒီတော့ ကျန်ရှိတဲ့ (၂၈.၄)ဧကအနက်က ကျွန်တော်တို့ မိုန်ဂနိမ်းဘူတာနဲ့ ဘူတာရပ်ဝန်း မြေနေရာမှာ ရထားလမ်းရဲ့ ဘေးဘယ်/ညာ(၁၅၀)ပေ အပါအဝင် (၂၅.၄၅)ဧကပါဝင်တဲ့ အတွက် ကျန်တဲ့ (၂.၉၅)ဧက မြေနေရာကတော့ မြန်မာ့မီးရထားပိုင်ဆိုင်တဲ့ မြေလွတ်နေရာ ဖြစ်နေပါတယ်။

အဲဒီ မြေလွတ်ဧရိယာ (၂.၉၅)ဧကနေရာကို ငှားရမ်းမည်ဆိုပါက မြန်မာ့မီးရထားမှ သတ်မှတ်ထားတဲ့ မြေငှားရမ်းခကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အဦများ ဆောက်လုပ်နေထိုင် ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများကို သက်သာသော နှစ်အလိုက် စည်းကြပ်ခွန်ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။(သြဘာသံများ)

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး အနေနဲ့ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းမှာဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ်၊ ၂၂ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၁/၉၂) ဖြင့် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ရုပ်သိမ်းခဲ့ပါတယ်။ ယခုအခါ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကို ပုဂ္ဂလိကနဲ့ ပူးပေါင်း၍ Public Private Partnership အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်သော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေ လိုအပ်လာသည့်အတွက် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို အသစ်ရေးဆွဲရခြင်း ဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဥပဒေကို အခြေခံ၍ ခေတ်စနစ်နဲ့ လျော်ညီစွာ အသစ်ပြင်ဆင် ဖြည့်စွက်ရေးဆွဲထားသည့် ကုန်းလမ်းပို့ဆောင်ရေး အဖွဲ့ဥပဒေမူကြမ်းကို အတည်ပြုပေးနိုင်ပါရန် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၆) သို့တင်ပြခဲ့ရာ ကော်မတီက နိုင်ငံတော်သမ္မတခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရန်ဆုံးဖြတ်ခဲ့ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။

အဆိုပါ ကုန်းလမ်းပို့ဆောင်ရေးဥပဒေမူကြမ်းကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်(၇/၂၀၁၆) သို့ တင်ပြခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် သဘောတူခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ) အရ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၄၁၄
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၁၄-၇-၂၀၁၆ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၇-၉-၂၀၁၆ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ကုန်းလမ်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့မှ အလုပ်အမှုဆောင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် အများပြည်သူပို့ဆောင်ရေးလုပ်ငန်း ဖြစ်သည့်အတွက် စီးပွားရေးဆန်ဆန် ရပ်တည်၍ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅တွင် "**နိုင်ငံတော်၏ စီးပွားရေးစနစ်သည်ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါသည်**" ဟု ပြဋ္ဌာန်းထားပြီး ယခုတင်သွင်းလာသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ကိုက်ညီမှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ကို နိုင်ငံတော်ဘတ်ဂျက်ပြင်ပမှ ဆောင်ရွက်သည့် စီးပွားရေးအဖွဲ့အစည်းအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဆိုပါက ပြည်ထောင်စု၏ ပင်စင်ရန်ပုံငွေစနစ် ထူထောင်နိုင်ခြင်းမရှိသေးသည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများစွာ ကြုံတွေ့ရနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥပဒေပါ အချက်အလက်များတွင်လည်း အစိုးရပိုင်အဖွဲ့အစည်းဟူ၍ အခွင့်ထူးခံဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပါရှိသည့်အတွက် ထိုသို့ဆောင်ရွက်နိုင်ရန် သင့်လျော် မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော အများပြည်သူ ပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာ့အမျိုးသားလေကြောင်းတို့သည် နိုင်ငံတော် ဘတ်ဂျက်ပြင်ပမှ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအဖြစ် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ဥပဒေများအတည်ပြုပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ သို့သော် နိုင်ငံတော်ဘတ်ဂျက်၏ ပြင်ပတွင် အထောက်အပံ့မယူဘဲ ရေရှည်ရပ်တည်ရန် ခက်ခဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို အထက်ဖော်ပြပါ အကြောင်းပြချက်များအရ ပြဋ္ဌာန်းဆောင်ရွက်ရန်မသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ကုန်းလမ်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့မှ အလုပ်အမှုဆောင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါ၍ ယခုတင်သွင်းသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းရန် မသင့်ကြောင်း လွှတ်တော်က အဆုံးအဖြတ်ပြုနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၄-၂-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]